# အရေးပေါ် မိုဘိုင်းဖုန်း သတိပေးချက်



သင့် အသက်၊ အိုးအိမ် စည်းစိမ်၊ ကျန်းမာရေး နှင့် ပတ်သက်သည့် အန္တရာယ် တစ်စုံတစ်ရာ ကျရောက်ပါက၊ အပလီကေးရှင်း တစ်ခု ကို ဆိုင်း အပ် (sign up) လုပ်ရန် သို့မဟုတ် ဒေါင်း လုပ် (download) လုပ်ရန် မလိုပါဘဲ၊ သင့်မိုဘိုင်းဖုန်းသို့ အရေးပေါ် သတိပေးချက် ကို ပေးပို့နိုင်သည်၊

**သင့် ဖုန်းက၊ ဤသို့ ဆောင်ရွက်နိုင်ခြင်း ရှိမရှိ သိနိုင်ရန် civildefence.govt.nz ဝက်ဆိုက် သို့ သွားကြည့်ပါ**

EMERGENCY MOBILE
ALERT

BURMESE

## သင့် အသက်၊ အိုးအိမ် စည်းစိမ်၊ ကျန်းမာရေး နှင့် ပတ်သက်သည့် ကြီးမားသော အန္တရာယ် တစ်စုံတစ်ရာ ကျရောက်ပါက၊ သင့်မိုဘိုင်းဖုန်းသို့ အရေးပေါ် သတိပေးချက် ပေးပို့နိုင်သည်၊

ထိုသတိပေးချက်များကို၊ ဆဲလ် ဘရော့ကတ် (စ်) နည်းပ ညာကို အသုံးပြု၍၊ ပေးပို့သောကြောင့် အပလီကေးရှင်း တစ်ခု ကို ဆိုင်း အပ် (sign up) လုပ်ရန် သို့မဟုတ် ဒေါင်း လုပ် (download) လုပ်ရန် မလိုပါ၊ ဘေး အန္တရာယ်ကျရောက်သည့် ဧရိယာများကို ဦးတည် ချက်ထား သဖြင့်၊ သင်နေသည့် နေရာ တွင် အရေးပေါ် အခြေအနေ ဖြစ်ပေါ်မှသာ၊ ထိုသတိပေးချက်များကို ရရှိမည်။

အရေးပေါ် မိုဘိုင်းဖုန်း သတိပေးချက်ကို၊ ပြည်သူလူထု ကာကွယ်ရေး နှင့် အရေးပေါ်စီမံခန့်ခွဲရေး ဝန်ကြီးဌာန၊ ပြည်သူလူထု ကာကွယ်ရေးနှင့် အရေးပေါ် စီမံခန့်ခွဲမှု အဖွဲ့၊ နယူးဇီလန် ရဲတပ်ဖွဲ့၊ နယူးဇီလန်ရှိ မီးဘေးနှင့်အရေးပေါ်ဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန နှင့် အဓိက ကုန် ပစ္စည်း လုပ်ငန်းများဆိုင်ရာ ဝန်ကြီးဌာန တို့က သာ ပေးပို့နိုင်သည်။

သင့်မိုဘိုင်းဖုန်းမှာ ဖွင့်ထားလျက်၊ သတိပေးချက် ကို လက်ခံရယူနိုင်သော အနေအထားလဲရှိပြီး၊ အန္တရာယ်ရှိသော နေရာဒေသတွင်လည်း ရှိနေပါက၊ သတိပေးချက်ကို သင်ရရှိသင့်သည်၊ သင့်ဖုန်းက ထို အရေးပေါ် သတင်းပေးချက်ကို လက်ခံရရှိနိုင်ခြင်း ရှိမရှိ သိရှိနိုင်ရန် civildefence.govt.nz ဝက်ဆိုက် သို့ သွားရောက်စစ်ဆေးပါ။

အရေးပေါ်မိုဘိုင်းဖုန်း သတိပေးချက်က၊ အခြားသော အရေးပေါ် သတိပေးချက်များကို၊ အစားထိုး နေရာယူခြင်း မဟုတ်ပါ၊ အခြားသော သတိပေးနည်းလမ်းများ နှင့်အတူ ထပ်ဆင့် သတိပေးသော နည်းလမ်းတစ်ခုဖြစ်သည်၊ ချက်ချင်းအရေးယူဆောင်ရွက်ပါ၊ ဖုန်းအားလုံးက၊ ထိုသတိပေးချက်ကို လက်ခံရယူနိုင်ခြင်းမရှိပါ၊ သို့ဖြစ်ရာ၊ သင် သတိပေးချက်ကို ရရှိပါက၊ အခြားသူများအားလည်း အသိပေးပါ၊ သင့် အသက်အန္တရာယ် ရှိနေပြီဟု ခံစားရပါက၊ တရားဝင် သတိပေးကြေညာချက်ကို စောင့်ဆိုင်းမနေပါနှင့်။

## အရေးပေါ် မိုဘိုင်းဖုန်း သတိပေးချက် က ဘယ်လို ဆောင်ရွက်မှာလဲ

အရေးပေါ်မိုဘိုင်းဖုန်း သတိပေးချက်က၊ ထိုကိစ္စအတွက်သီးသန့် အသုံးပြုရန်ရည်ရွယ်ထားသော ဆက်သွယ်ရေး လိုင်း (signal) တစ်ခုကို အသုံးပြု သည်၊ ထို့ကြောင့် အရေးပေါ်အခြေအနေတစ်ခု တွင်၊ မိုဘိုင်းဖုန်းနှင့် အင်တာနက် အသုံးပြုမှု အဆမတန်များပြား ပြီး၊ ဆက်သွယ်ရေး လမ်းကြောင်းများ ဝန်ပိချိန်တွင်၊ ၎င်းကို ပိုပြီး အားကိုးအားထားပြုနိုင်သည်။

မည်သည့် ဆက်သွယ်ရေး (ဖုန်း network) ကို သင်အသုံးပြု သည်ဖြစ်စေ၊ သတိပေးချက်ကို လက်ခံရယူနိုင်စွမ်းရှိသည့် ဖုန်း ဖြစ်ပါက၊ ထိုဖုန်း ရောက်ရှိသည့် ဒေသ၌၊ အရေးပေါ်သတင်းကြေညာသည့် ကာလအတွင်း ဖြစ်ပါလျှင်၊ ထိုအရေးပေါ်သတင်းပေးချက်ကို သင့်ဖုန်းတွင်ရရှိလိမ့်မည်။

## သင့်ဖုန်းတွင်အရေးပေါ်သတင်းပေးချက်ကို ရယူခြင်းမပြု ရန် ရွေးချယ်နိုင်ပါသလား

မိုဘိုင်းဖုန်း အရေးပေါ်သတင်းပေးချက် မှာ သင့်ကို ဘေး အန္တရာယ်မှ လုံခြုံအောင် ကာကွယ်ပေးခြင်းဖြစ်သဖြင့်၊ ထိုသတင်းပေးချက်ကို မရယူလိုကြောင်း သင်ရွေးချယ်နိုင် ခွင့်မရှိပါ၊ သင့်ဖုန်းတွင် အခြားနိုင်ငံများတွင်သုံးသော အရေးပေါ်သတင်းကို မရယူလိုကြောင်းရွေးချယ်နိုင်သည့် (settings) ရှိနေသော်လည်း၊ နယူးဇီလန်တွင်မူ၊ အမြဲတမ်းပွင့်နေသော အထူး ဘရောကတ်စ် ဆက်သွယ်ရေး လမ်းကြောင်း ကို ကျွန်ုပ်တို့က၊ သုံးစွဲမည်ဖြစ်သည်။

## အရေးပေါ် မိုဘိုင်းဖုန်း သတိပေးချက်ကို ကျွန်ုပ် ရရှိလျှင် ဘာလုပ်သင့်သလဲ၊

သင်လုပ်နေတာတွေကို ရပ်တန့်ပြီး ညွှန်ကြားချက်များ အတိုင်း လိုက်နာဆောင်ရွက်ပါ။

အရေးပေါ် မိုဘိုင်းဖုန်း သတိပေးချက်ကို ၊ တရားဝင် တာဝန် ပေးအပ်ခြင်းခံရသည့်၊ အရေးပေါ် အေဂျင်စီများကသာ၊ အသက်၊ အိုးအိမ်နှင့် ကျန်းမာရေးကို အန္တရာယ် ပေးခြိမ်း ခြောက်သည့် အခြေအနေမျိုး ဖြစ်ပေါ်မှသာလျှင်၊ ပေးပို့ ခွင့်ရှိသည်၊ (တစ်နှစ် လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ် စမ်းသပ်မှုရှိသည်)၊ သို့ဖြစ်ရာ သင် အရေးပေါ်သတင်းပေး ချက်ကို ရရှိပါက၊ အလေးအနက်ထား၍ပြောသည့်အတိုင်း ဆောင်ရွက် ရန်လိုအပ်သည်။

## အရေးပေါ်မိုဘိုင်းဖုန်း သတိပေးချက်က၊ အခြားသော အရေးပေါ် သတိပေးဆက်သွယ်ရေးနည်းလမ်း များကို၊ အစားထိုး နေရာယူခြင်း မဟုတ်ပါ၊

အရေးပေါ်မိုဘိုင်းဖုန်း သတိပေးချက်မှာ သင့်ကို အရေး ပေါ်အခြေအနေတွင် လုံခြုံအောင် အသိ ပေးသော ဆက်သွယ်မှုနောက် တမျိုးဖြစ်သည်၊ အခြားသော ဆက်သွယ် ရေးနည်းလမ်းများဖြစ်သည့်၊ ရေဒီယို၊ တီဗွီ၊ ဝက်ဘ်ဆိုက် နှင့် ဆိုရှယ် မီဒီယာ လူမှုကွန်ယက်များ ကိုလည်း ဆက်လက် အသုံးပြုမည်၊ အရေးပေါ်မိုဘိုင်းဖုန်း သတိပေးချက်က၊ အခြားသော အရေးပေါ် သတိပေး နည်းလမ်းများနှင့် သဘာဝသတိပေးချက်များတွေ့ လျှင် လိုအပ်သောဆောင်ရွက်မှုများကို၊ အစား ထိုး နေရာယူခြင်း မဟုတ်ပါ၊

အရေးပေါ်အခြေအနေအတွက် သင်ကြိုတင်ပြင်ဆင်မှုရှိသင့် သည်၊ အသက်ဘေးလွတ်အောင်ဒီ သတိပေးချက်တစ်ခုကို ပဲ သင်စောင့်မနေသင့်ပါ၊ သင့် အသက်အန္တရာယ် ရှိနေပြီဟု ခံစားရပါက၊ တရားဝင် သတိပေးကြေညာချက်ကို စောင့်ဆိုင်းမနေပါနှင့်။ ချက်ချင်း အရေးယူဆောင်ရွက်ပါ။

ဘာလုပ်ရမည်၊ ဘယ်ကိုသွားရမည်၊ ဘယ်သူက သင့်ကို ကူညီနိုင်သည်၊ ဘယ်သူတွေက သင့်အကူအညီ လိုအပ်နိုင်သည် စသည်တို့ပါဝင်သည့်၊ ကိုယ်ပိုင်အရေးပေါ် စီမံချက် တစ်ခုကို သင်ကိုယ် တိုင် အချိန်ယူပြီး ရေးဆွဲပါ၊ စီမံချက်တစ်ခုကို အွန်လိုင်း happens.nz တွင် သင်ရေးဆွဲနိုင်ပါသည်၊

ရေးပေါ် မိုဘိုင်းဖုန်းသတိပေးချက် နှင့် ပတ်သက်သည်ကို ပိုမိုသိလိုပါက၊ civildefence.govt.nz တွင် ကြည့်ပါ။